# Dermatology and Aesthetic Centre

## Laser Hair Removal

## လေဆာဖြင့် မလိုလားအပ်သော အမွေးအမျှင်များအား ဖယ်ရှားခြင်း

### လေဆာဖြင့် အမွေးအမျှင်ဖယ်ရှားခြင်း (Laser Hair Removal) ဆိုသည်မှာ

နောက်ဆုံးပေါ် လေဆာစက် ဖြင့် သင်၏အရေပြား၊ အမွေးအမျှင်အမျိုးအစားပေါ် မူတည်၍ တစ်ဦးချင်းစီအတွက် Customized ကုသဂရုစိုက်မှုပေးခြင်း ဖြစ်ပါသည်။ လေဆာဖြင့်ကုသသည့်အခါတွင် အမွေးအမျှင်အရင်းရှိ ဆံခြည်အိတ်များ (Hair Follicles) မှတစ်ဆင့် လေဆာရောင်ခြည်ကိုစုပ်ယူ၍ Photothermolysis နည်းပညာဖြင့် အမွေးအမျှင်များ ထပ်မပေါက်လာအောင် ဖယ်ရှားခြင်းဖြစ်ပါသည်။

### အမွေးအမျှင် များကိုတစ်ခြားနည်းလမ်းဖြင့် ဖယ်ရှားလို့ ရပါသလား?

Waxing, Plucking, Threading, Chemical Cream, Electrolysis နည်းပညာများဖြင့်လည်း အမွေးအမျှင်များကို ဖယ်ရှား၍ ရနိုင်ပါသည်။

ဘာကြောင့် လေဆာနည်းလမ်းကိုသာ ရွေးချယ်သင့်ပါသလဲ

လေဆာနည်းပညာသည် မြန်ဆန်ပြီးတစ်ခြားနည်းလမ်းများနှင့် ယှဉ်သည့်အခါမှာ လုံးဝမနာမကျင်သော ကုသမှု အမျိုးအစား ဖြစ်ပါသည်။ အချိန်တိုအတွင်းမှာပင် ထိထိရောက်ရောက်နှင့် အမွေးအမျှင်ထွက်မလာအောင် ကုသနိုင်ခြင်းသည်လည်း လေဆာနည်းပညာ၏ အားသာချက်တစ်ခုဖြစ်ပါသည်။

### ဘယ်လိုလူတွေက Laser Hair Removal လုပ်ရန်သင့်တော်ပါသလဲ?

လူတိုင်းနီးပါး Laser နဲ့ Hair Removal လုပ်နိုင်ပါသည်။ အထူးသဖြင့် အသားအရေဖျော့ပြီး နက်မှောင်သည့် အမွေးအမျှင်ကြမ်းများရှိသောသူများတွင် လေဆာထိရောက်မှုသည် ပို၍သိသာပါသည်။ ယခုနောက်ပိုင်း နည်းပညာများ တိုးတက်လာခြင်း ကြောင့် အသားအရေညိုသောသူများအတွက်လည်း တန်းတူထိရောက်သည့် လေဆာကုသမှုများ ပြုလုပ်ပေးနိုင်ပြီဖြစ်ပါသည်။

### လေဆာဖြင့် ကုသပြီး အချိန်မည်မျှအကြာတွင် အမွေးအမျှင် လုံးဝထပ်ထွက်လာခြင်းမရှိတော့မှာလဲ?

လူတစ်ယောက်နှင့်တစ်ယောက်ပေါ် မူတည်ပြီး ကြာချိန်ကွဲပြားနိုင်ပါသည်။ သို့ရာတွင် ကုသမှု (၅-၇) ကြိမ် ခံယူပြီးသည့်နောက်မှာတော့ အမွေးအမျှင် (၅၀) ရာခိုင်နှုန်းကျော် လျော့နည်းသွားမည်ဖြစ်ပါသည်။

### လေဆာကုသမှုအကြိမ်ရေ မည်မျှ လုပ်ဖို့လိုပါသလဲ?

လူနာအများစုအနေဖြင့် (၄)ပတ်မှ (၈)ပတ်အတွင်း ကုသမှု (၆)ကြိမ်မှ (၁၀)ကြိမ်ဝန်းကျင်ခန့်အထိ လိုအပ်နိုင်ပါသည်။

### ကုသမှု ဟာနာကျင်မှုရှိသလား?

များသောအားဖြင့် လေဆာဖြင့်ကုသမှုခံယူနေစဉ်တွင် ဆတ်ခနဲဆတ်ခနဲ ခံစားမှုမှလွဲ၍နာကျင်မှုမရှိတတ်ပါ။

### လေဆာကုသမှု ခံယူ၍ မရသောသူများမှာ

ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်ကျွေးနေသော မိခင်များသည် လေဆာကုသမှု မခံယူသင့်ပါ။

## လေဆာကုသမှုကြောင့် ဖြစ်ပေါ်လာနိုင်သော Side Effect များ

လေဆာကုသမှုသည်ယေဘူယျ အားဖြင့် ဆိုးကျိုးမရှိတတ်ပါ။ သို့သော် ကုသမှုတိုင်းတွင် Side Effect များရှိနိုင်သည့် အတွက်

- အရေပြားနီ၍ ယောင်လာခြင်း (နာရီပိုင်းအတွင်းမှာပင် ပြန်လည်ပျောက်ကင်းပါသည်။)
- အရေပြားအရောင် ဖျော့သွားခြင်း/ရင့်သွားခြင်း
- အပူဖု၊အမာရွတ် ကျန်ခြင်း (ဖြစ်နိုင်ခြေအရမ်းနည်းပါသည်။)
- လေဆာဖြင့်ကုသော အရေပြားတစ်ပိုက်တွင် အမွေးအမျှင်များပို၍ထွက်လာခြင်းစသည့် Side Effect များရရှိနိုင်ပါတယ်။

## လေဆာကုသမှု Laser Hair Removal မခံယူမီ မည်သည့်အရာများကြိုတင်ပြင်ဆင်ထားရမလဲ?

- Sun Bathing, Tanning, Waxing, Chemical Peeling, Collagen Injection စတာတွေကိုကုသမှု မခံယူမီ (၂-၃)ပတ် အတွင်းရှောင်ဖို့လိုပါသည်။
- ကိုယ်ကုသမှုခံယူမည့်နေရာတစ်ပိုက် (ဥပမာ- ချိုင်း၊ ခြေသလုံး) မှာလေဆာမကုသမီနဲ့ ကုသပြီး (၁)ပတ်အတွင်း ရေမွှေး၊ အနံ့ပျောက် စပရေးစသည်တို့ကို မသုံးပါနှင့်။
- Aspirin, Ibuprofen တို့လို အကိုက်အခဲပျောက်ဆေးများ မသုံးစွဲပါနှင့်။ (လေဆာနဲ့ ကုသမှုပြီးလျှင် Bruise တွေပေါ်လာနိုင်ပါသည်။)
- ကိုယ့်အရေပြားကို Photosensitive ဖြစ်စေမည့် လိမ်းဆေးများကိုလည်း ခဏနားထားပါ။ ကုသမှု မခံယူမီ (၂)ပတ်အတွင်း ပိုးသတ်ဆေး၊ Retinol စသည့်ဆေးများသောက်ခြင်း၊ နေလောင်ခံခြင်းတို့ကို ရှောင်ကြဉ် ထားရပါမည်။
- ကုသမှုခံယူမည့်နေ့မှာ လေဆာဖြင့်ကုသမည့်နေရာတစ်ပိုက် မိတ်ကပ် (သို့) Lotionများ လိမ်းထားခြင်း၊ ရေမွှေးဆွတ်ခြင်းများကိုလုပ်ဆောင်မလာဖို့လိုပါသည်။ ဆေးခန်းသို့မလာမီ အမွေးအမျှင်များကိုရိတ်လာရမည်ဖြစ်ပါသည်။

## လေဆာကုသမှုမခံယူခင် အချိန်မည်မျှကြိုတင်၍ အမွေးအမျှင်များကို ရိတ်လာရမလဲ?

ဆေးခန်းသို့မလာမီ (၁)ရက်ကြိုတင်၍ အမွေးအမျှင်များကိုရိတ်ခဲ့ရပါမည်။ သို့မှသာ လေဆာနည်းပညာဖြင့်ကုသသည့် အချိန်တွင် Follicles ဟုခေါ်သည့် ဆံချည်အိတ်အရင်းလေးများကို လွယ်ကူစွာ ရှာနိုင်မည်ဖြစ်ပါသည်။
(လေဆာနဲ့ကုသပြီး Contact Dermatitis ဟုခေါ်သော အရေပြားရောင်ခြင်းမရှိစေရန် Razor အသစ်ဖြင့် ရိတ်ရန် အကြံပြုပါသည်။

## လေဆာကုသမှုခံယူတဲ့အခါ

လေဆာရောင်ခြည်များကို ကာကွယ်ရန် သင့်အားလေဆာကာကွယ်ပေးနိုင်သော မျက်မှန်တပ်ဆင်ပေးထားမည်ဖြစ်ပါသည်။ လေဆာစက်၏ ထိပ်တွင် ဂျယ်တစ်မျိုးကိုသုတ်လိမ်းပြီး လေဆာမှ ထွက်လာသော ရောင်ခြည်အပူဖြင့် ဆံခြည်အိတ်လေးများကို ဖျက်ဆီးလိုက်ခြင်းဖြစ်ပါသည်။ ကုသမှုခံယူနေစဉ်အတွင်းတွင် အနည်းငယ်နေထိုင်ရခက်ခဲတာမျိုး ဖြစ်နိုင်ပါသည်။

## လေဆာကုသမှုခံယူပြီးသောအခါ

လေဆာဖြင့် ကုသသော နေရာတစ်ပိုက်တွင် နီရဲလာခြင်းနှင့် အနည်းငယ်ရောင်ရမ်းလာခြင်းများသည်ပုံမှန်ဖြစ်ရိုးဖြစ်စဉ် တစ်ခုဖြစ်ပါသည်။ တစ်နာရီခြားတစ်ခါ (၁၀)မိနစ်ခန့် ရေခဲအိတ်ကပ်ပေးခြင်းဖြင့် သက်သာအောင်ပြုလုပ်နိုင်ပါသည်။ နာခြင်း ၊ ကိုက်ခြင်း စသည်တို့ခံစားရပါက Analgesic အကိုက်အခဲပျောက်ဆေးများသောက်ခြင်းဖြင့် သက်သာနိုင်ပါသည်။

## လေဆာကုသမှုခံယူပြီးဆောင်ရန်နှင့် ရှောင်ရန်များ

- Plucking, Waxing, Electrolysis များမလုပ်ပါနှင့်။
- ကုသမှု ခံယူပြီးတစ်ပတ်ခန့် နေရောင်ခြည်ဖြင့် တိုက်ရိုက်ထိတွေ့ မှုမရှိစေရန် ဂရုစိုက်ရပါမည်။
- မျက်နှာတစ်ပိုက် လေဆာကုသမှု ခံယူထားသူများ (၂၄)နာရီ အတွင်းမိတ်ကပ် လိမ်းခြင်းမပြုလုပ်ရပါ။
- နေလောင်ခံ Sunscreen မကြာခဏလိမ်းပေးရပါမည်။ Broad-Spectrum Protection (UVA, UVB) ပေးပြီး SPF 30 ကျော်သော နေလောင်ခံလိမ်းဆေးမျိုးကိုရွေးချယ်ပါ။ အပြင်မထွက်မီ မိနစ် (၂၀)ခန့်ကြိုတင်ပြီး Sunscreen လိမ်းခြင်းများ၊ နေရောင်ခြည်ထဲသို့မဖြစ်မနေသွားရခြင်းအတွက် ဦးထုပ်၊အင်္ကျီ လက်ရှည်စသည်ဖြင့်တို့ဖြင့် လေဆာကုသထားသော နေရာတစ်ပိုက်အားကာကွယ်ရန်လိုအပ်ပါသည်။
- ကုသမှုခံယူပြီး (၁) ပတ်အတွင်း Scrubs, Toners, Glycolic Acid, Retinoids (Retin-A or Retinol) or Bleaching Creams များကို အသုံးမပြုရန် အကြံပြုလိုပါသည်။